# Comparison of MP's Education Background by Hluttaw

## Background

The legislature pillar of Myanmar is relatively young but growing into a political prominence in democratic reforms. The second Pyidaungsu Hluttaw, consisting of Amyotha and Pyithu hluttaw, commenced in March 2016 so did state/region hluttaws. Altogether 1150 parliamentarians were elected to three hluttaws in 2015 general elections.

The data for this article is obtained from Union Election Commission. For the purpose of analysis, educational level is simplified into three categories: primary education, some college and college graduate.

(1) Primary education means that parliamentarians finished primary school, middle school and high school.
(2) Some college means that MPs have obtained a certificate, diploma or attended university for some years.
(3) College Graduate refers to MPs who hold bachelor, graduate, a medical degree, master and doctorate degrees.

This article intends to promote public dialogue by providing educational level achieved by legislators.





**Figure (1) Comparison of MP's Education Background by Hluttaw**

## Analysis

As can be seen in Figure (1) most members of parliaments in all three hluttaws are generally educated. Approximately 90 per cent of Amyotha (91%) and Pyithu Hluttaw (89%) MPs hold a degree from college. Similarly, 84 per cent out of state/region representatives have the same educational level.

Only 4 per cent out of Amyotha Hluttaw representatives mentioned that they finished primary education. The trend is the same in Pyithu Hluttaw with 4 percent. The percentage of MPs with primary education goes up a bit in state/region hluttaws with 7 per cent. State/region hlttaws also has the highest proportion of MPs with education background of "some university" and it is nearly 10 percent.

## References

Union Election Commission

# လွှတ်တော်အလိုက် ကိုယ်စားလှယ်များ၏ နောက်ခံပညာရေးကို နှိုင်းယှဉ်ခြင်း

**နောက်ခံအကြောင်း**

မြန်မာနိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်သည် သက်တမ်းအားဖြင့် နုသေးသော်လည်း ဒီမိုကရေစီ အပြောင်းအလဲတွင် နိုင်ငံရေးအရ အရေးပါမှု မြင့်မားလျက်ရှိပါသည်။ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ပါဝင်သော ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော်နှင့် ပြည်နယ်နှင့်တိုင်းလွှတ်တော်များလည်း မတ်လ ၂၀၁၆ တွင် စတင်ခဲ့သည်။ စုစုပေါင်း ကိုယ်စားလှယ်အမတ်ပေါင်း (၁၁၅၇)ဦးကို လွှတ်တော်သုံးရပ်သို့ ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

ဤဆောင်းပါးပါ အချက်အလက်များကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ရရှိပါသည်။ လေ့လာဆန်းစစ်ချက် လွယ်ကူစေရန်အတွက် ပညာအရည်အချင်းကို အမျိုးအစား ၃ မျိုးခွဲပါသည်။ ၎င်းတို့မှာ အခြေခံပညာ၊ ကောလိပ်အဆင့်နှင့် တက္ကသိုလ်ဘွဲ့ရတို့ဖြစ်သည်။


(၁) အခြေခံပညာတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပြီးဆုံးသော ကိုယ်စားလှယ်များ ပါဝင်သည်။

(၂) ကောလိပ်အဆင့်တွင် အသိအမှတ်ပြုလက်မှတ်၊ အောင်လက်မှတ် ရရှိထားသော သို့မဟုတ် တက္ကသိုလ်တွင် အတန်းတက်ရောက်ဖူးသော ကိုယ်စားလှယ်များပါရှိသည်။

(၃) တက္ကသိုလ်ဘွဲ့ရအဆင့်တွင်မူ ရိုးရိုးဘွဲ့၊ မဟာဘွဲ့၊ ဆရာဝန်ဘွဲ့ နှင့် ပါရဂူဘွဲ့များပါရှိသည်။

ဤဆောင်းပါးကို ဥပဒေပြုရေးသူများ၏ ပညာအရည်အချင်းကိုဖော်ပြခြင်းဖြင့် အများပြည်သူနီးနောဖလှယ်နိုင်ရန် ရည်ရွယ်၍ ရေးသားပါသည်။

**လေ့လာဆန်းစစ်ချက်**




**ပုံ (၁) လွှတ်တော်အလိုက် ကိုယ်စားလှယ်များ၏ နောက်ခံပညာရေးကို နှိုင်းယှဉ်ခြင်း**

အထက်ပါပုံတွင် တွေ့မြင်ရသည့်အတိုင်း ယေဘုယျအားဖြင်း ရွေးကောက်ခံကိုယ်စားလှယ်အများစုမှာ ပညာတတ်များဖြစ်ကြပါသည်။ အမျိုးသားလွှတ်တော်၏ ၉၁ ရာခိုင်နှုန်းနှင့် ပြည်သူ့လွှတ်တော်၏ ၈၉ ရာခိုင်နှုန်းတို့သည် တက္ကသိုလ်ဘွဲ့ရများဖြစ်ကြသည်။ အလားတူစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ ၈၄ ရာခိုင်နှုန်းမှာလည်း တက္ကသိုလ်ဘွဲ့ရများဖြစ်သည်။

အမျိုးသားလွှတ်တော်၏ ၄ ရာခိုင်နှုန်းသာ အခြေခံပညာပြီးစီးကြောင်း ပြောကြားထားသည်။ ပြည်သူလွှတ်တော်တွင်လည်း အလားတူပင်ဖြစ်သည်။ အခြေခံပညာပြီးစီးသော လွှတ်တော်ကိုယ်စားလှယ်ဦးရေသည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် အနည်းငယ်မြင့်မားပြီး ၇ ရာခိုင်နှုန်းဖြစ်သည်။ ကောလိပ်အဆင့်တွင်လည်း တိုင်းဒေသကြီ းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ၁၀ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်။

**ကိုးကား**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်